# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၉ ခုနှစ်၊ ဘဏ္ဍာတော် အက်ဥပဒေ။
# [၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၂။]
# ၁၃၁၁ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်။
# (၁၉၄၉ ခု၊ စက်တဘ်ာလ ၃၀ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကြေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ **အမည်တိုနှင့်အာဏာတည်သည့်နေ့ရက်။** ။ (၁) ဤအက်ဥပဒေကို၊ ၁၉၄၉ ခုနှစ်၊ ဘဏ္ဍာတော်အက် ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်အာဏာတည်ရမည်။

၂။ ။ **အမြတ်တော်ခွန်နှင့်နောက်ထပ်အခွန်တော်။** ။ (၁) ပုဒ်မခွဲ (၃) ၊ (၄) နှင့် (၅) ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့က အစပြုမည့်နှစ်အတွက် အောက်ပါအတိုင်း အခွန်တော်စည်းကြပ်ရမည်။

(က) ဤအက်ဥပဒေ၏ဇယား အပိုင်း၁တွင်သီးခြားဖေါ်ပြထားသည့် နှုန်းများအတိုင်းအမြတ်တော်ခွန်နှင့်

(ခ) မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၅၅ ပါ ကိစ္စများအလို့ငှါ၊ ဤအက်ဥပဒေ၏ဇယား အပိုင်း ၂ တွင် သီးခြားဖေါ်ပြထားသည့်နှုန်းများအတိုင်း နောက်ထပ်အခွန်တော်။

(၂) ၁၉၅၀ ပြည့်နှစ်၊ စက်တဘ်ာ လ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် အခွန်တော်စည်းကြပ် ခြင်း၊ နုတ်ခြင်း၊ သို့တည်းမဟုတ် ပြန်ပေးခြင်းပြုလုပ်ရာ၌၊ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေတွင် အလုပ်လုပ်၍ရသည့် ဝင်ငွေပါဝင်လျှင်၊ ထိုဝင်ငွေ၏ ၁၀ ပုံ ၁ ပုံနှင့်ညီမျှသောငွေကို၊ ထိုသူ၏စုစုပေါင်းဝင် ငွေမှ၊ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေပုဒ်မ ၁၅-က ပါ ပြဋ္ဌာန်းချက်များနှင့်အညီနုတ်ရမည်။ သို့ရာတွင် ထိုသို့နုတ်သောငွေမှာ မည်သည့်အချက်တွင်မျှ နှစ်ထောင်ထက်မပိုစေရ။ ထို့ပြင်စည်းကြပ်ခံရသူ မှာ၊ ကုန်သည်အစုစပ်လုပ်ငန်းတွင်ပါဝင်သူဖြစ်လျှင်၊ ထိုကုန်သည်အစုစပ်လုပ်ငန်းအပေါ်တွင် အခွန် တော် စည်းကြပ်ရာ၌၊ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက် ခွင့်ပြုသမျှငွေကိုအဆိုပါ နုတ်ရမည့်ငွေထဲမှ လျှော့ရမည်။ ထိုခွင့်ပြုသည့်ငွေမှာလည်း၊ ကုန်သည်အစုစပ်လုပ်ငန်း၏ အမြတ်ငွေများတွင် ထိုသူ၏ အမြတ်ဝေစုနှင့် သက်ဆိုင်သမျှသော ငွေသောဖြစ်ရမည်။

(၃) ၁၉၅၀ ပြည့်နှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် အခွန်တော်စည်းကြပ်ရာ ၌–

(က) စည်းကြပ်ခံရသူ၏ စုစုပေါင်း ဝင်ငွေတွင် “ လစာငွေများ” ဟူသော ခေါင်းစဉ်အရ၊ စည်းကြပ် သည့်ဝင်ငွေ သော်၎င်း၊ (ထိုဝင်ငွေမှာ၊ သက်ဆိုင်ရာ၊ အလုပ်လုပ်၍ရသည့်ဝင်ငွေအတွက်နုတ်ထားသည့် အတိုင်းဖြစ်သည်။) “ အာမခံစာချုပ်များအပေါ်တွင် အတိုး” ဟူသော ခေါင်းစဉ်အရ၊ စည်းကြပ်နိုင်သည့် ဝင်ငွေသော်၎င်း၊ ထည့်သွင်းထားသည့် အချက်တွင်၊ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေအနက်၊ အဆိုပါ ထည့်သွင်းငွေများ

ပါဝင်သော အစိတ်အပိုင်းပေါ်တွင်၊ ထိုသူပေးရမည့် အမြတ်တော်ခွန်မည်၍မည်မျှ ဖြစ်ရမည်ဆိုသော်၊ ထိုသို့ ပေးရမည့် အမြတ်တော်ခွန်နှင့် ထိုသူ၏ စုစုပေါင်းဝင်ငွေပေါ်ဝင် ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတော်ဘဏ္ဍာတော် အက်ဥပဒေဖြင့်စည်းကြပ်သည့် နှုန်းများအတိုင်းပေးရမည့် အမြတ်တော်ခွန် စုစုပေါင်းတို့၏ အချိုးအစားသည်၊ အဆိုပါ ထည့်သွင်းငွေများနှင့် ထိုသူ၏ စုစုပေါင်းဝင်ငွေတို့၏ အချိုးအစားနှင့် တူညီစေရမည့်ငွေဖြစ်ရမည်။

(ခ) မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) ပါပြဋ္ဌာန်းချက်များအရ၊ နောက်ထပ် အခွန်တော်နုတ်ပြီးသော၊ သို့တည်းမဟုတ် နုတ်ပြီးမည်ဖြစ်သော စည်းကြပ်ခံရသူ၏ စုစုပေါင်း ဝင်ငွေ တွင် " လစာငွေများ" ဟူသော ခေါင်းစဉ်အရ၊ စည်းကြပ်နိုင်သည့် ဝင်ငွေကို ထည့်သွင်းထားသည့် အချက်တွင်၊ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေအနက်၊ အဆိုပါထည့်သွင်းငွေပါဝင်သော အစိတ်အပိုင်းပေါ်တွင်၊ ထိုသူပေးရမည့် နောက်ထပ်အခွန်တော် မည်၍မည်မျှဖြစ်ရမည်ဆိုသော်၊ ထိုပေးရမည့်နောက် ထပ်အခွန်တော်နှင့် ထိုသူ၏ စုစုပေါင်းဝင်ငွေပေါ်တွင် ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတော်ဘဏ္ဍာတော် အက်ဥပဒေဖြင့်စည်းကြပ်သည့် နှုန်းများအတိုင်းပေးရမည့် နောက်ထပ်အခွန်တော်စုစုပေါင်းတို့၏ အချိုးအစားသည်၊ အဆိုပါထည့်သွင်းငွေနှင့် ထိုသူ၏စုစုပေါင်း ဝင်ငွေတို့၏ အချိုးအစားနှင့် တူညီစေမည့်ငွေဖြစ်ရမည်။

(၄) ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် နှစ်အတွင်း၊ ဆုံးဖြတ်ကျေညာသည့်အ မြတ်ငွေများနှင့်စပ်လျဉ်း၍သော်၎င်း၊ ထုတ်ပေးပြီးသည့်၊ သို့တည်းမဟုတ် ထုတ်မပေးရသေးသည့် ရထိုက်သောလစာငွေများအတွက် သော်၎င်း၊ ဆိုခဲ့သည့်နှစ်အတွင်း အာမခံစာချုပ်များပေါ်တွင် အတိုး ပေးငွေများအတွက်သော်၎င်း၊ ပုဒ်မ ၄၈ ပုဒ်မခွဲ (၁)၊ သိုတည်းမဟုတ် ပုဒ်မခွဲ (၃) အရ၊ ပြန်ပေးငွေများ ဆိုင်ရာကိစ္စများအလို့ငှါ ပြန်ပေးငွေ တောင်းဆိုသူ၏ စုစုပေါင်းဝင်ငွေနှင့် သက်ဆိုင်သည့်နှုန်းများ၏ ပျမ်းမျှရနှုန်းမှာ၊ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတော်ဘဏ္ဍာတော်အက်ဥပဒေအရစည်းကြပ်သည့်နှုန်းများ၏ ပျမ်းမျှရနှုန်းဖြစ်ရမည်။

(၅) မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၇ နှင့် သက်ဆိုင်သောအချက်များတွင်၊ စည်းကြပ်ရ မည့် အခွန်တော်ကို၊ ထိုပုဒ်မတွင် ပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ရမည်။ သို့ရာတွင် ယင်းသို့သတ် မှတ်ခြင်းကို၊ ပုဒ်မခွဲ (၁) အရ၊ စည်းကြပ်သည့်နှုန်းများအတိုင်း ပြုလုပ်ရမည့်ပြင် ဤပုဒ်မ၊ ပုဒ်မခွဲ (၃) နှင့် (၄) ပါပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်လျှင်၊ ၎င်းပုဒ်မခွဲများနှင့်အညီ ပြုလုပ်ရမည်။

(၆) ဤပုဒ်မပါ ကိစ္စများအတွက်၎င်း၊ ဤပုဒ်မအရ စည်းကြပ်သည့် အခွန်တော်နှုန်းများအတွက်၎င်း၊ "စုစုပေါင်းဝင်ငွေ" ဆိုသည့် စကားရပ်မှာ၊ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေပါ ပြဋ္ဌာန်း ချက် များနှင့်အညီ၊ အမြတ်တော်ခွန်၊ သို့တည်းမဟုတ် နောက်ထပ်အခွန်တော်ဆိုင်သင့်ရာရာ ကိစ္စများအတွက် သတ်မှတ်သည့်အတိုင်းစုစုပေါင်းဝင်ငွေကိုဆိုလိုသည်။ ထို့ပြင် " အလုပ်လုပ်၍ရသည့်ဝင်ငွေ" ဆိုသည့် စကားရပ်မှာ၊ ထိုအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၆-က) တွင်၊ ထိုစကားရပ်ကို အဓိပ္ပါယ်ဖေါ် ပြထားသည့် အတိုင်းပင်ဖြစ်သည်။

၃။ ။ စည်းကြပ်ရန်ဖြစ်စေ၊ ပြန်ပေးရန်ဖြစ်စေ၊ မည်သည့် ကာလအပိုင်းအခြားအတွင်းဆောင်ရွက်ရမည့်အ ကြောင်း။ ။ ၁၉၅၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်နှစ်အတွက် ပြုလုပ်ရမည့် စည်း ကြပ်ခြင်း၊ သို့တည်းမဟုတ် ပြန်ပေးခြင်းနှင့်စပ်လျဉ်း၍၊ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေမှာ၊ ထို အက်ဥပဒေ ပုဒ်မ ၃၄၊ ၃၅ နှင့် ၅၀ တွင် " ၁

နှစ်” ဆိုသည့်စကားရပ်ပါရှိသည့် နေရာတိုင်း၌၊ ထိုစကား ရပ်အစား “၂ နှစ်” ဆိုသည့်စကားရပ်ကို ထည့်သွင်းထားဘိသကဲ့သို့ အဓိပ္ပါယ်ကောက်ယူရမည်။

၄။ ။ **ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်။** ။ ၁၉၅၀ ပြည့်နှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့တွင်ကုန် ဆုံးသည့်နှစ်တွက်၊ မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေအရ၊ အခွန်စည်းကြပ်ခြင်းနှင့်သက်ဆိုင်သော မည်သည့်အထက်နှစ်အတွက်မဆို၊ ၁၉၄၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန် အက်ဥပဒေပုဒ် မ ၄ အရ၊ စည်းကြပ်သော အခွန်တော်သည်၊ စည်းကြပ်ထိုက်သည့်အမြတ်အစွန်း၏ ဆယ့်ခြောက်နှင့် သုံးပိုင်းနှစ်ပိုင်းရာခိုင်နှုန်းနှင့်ညီမျှရမည်။

၅။ ။ **စာပို့တိုက်နှုန်းများသတ်မှတ်ခြင်း။** ။ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစသောနှစ်အတွက်၊ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဘဏ္ဍာတော်အက်ဥပဒေ၏ ဒုတိယဇယားကို၊ မြန်မာနိုင်ငံစာပို့တိုက် အက် ဥပဒေတွင်၊ ထိုအက်ဥပဒေ၏ ပဥ္စမဇယားအဖြစ် ထည့်သွင်းရမည်။

၆။ ။ **ဖြစ်ရည်ပေါ်တွင် နိုင်ငံတွင်း အကောက်တော်။** ။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂၄ နှင့် ၂၅ တွင်သော်၎င်း၊ တည်ဆဲဖြစ်သော အခြားဥပဒေတရပ်ရပ်တွင်သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ၊ မြန်မာ နိုင်ငံ ဖြစ်ရည်အလုပ်ရုံများတွင် ချက်လုပ်သည့်ဖြစ်ရည်ပေါ်၌၊ နိုင်ငံတွင်းအကောက်တော်ကို နောက်ဆုံး နေ့အထိပြင်ဆင်ထားသော ၁၉၃၇ ခုနှစ်၊ စက်တဘ်ာလ ၁၈ ရက်နေ့စွဲပါ၊ ဘဏ္ဍာရေးဌာနအမိန့်ကြော်ငြာ စာ အမှတ် ၇၀ တွင် ပါရှိသည့် ဇယား ၂ တွင် သတ်မှတ်ထားသောနှုန်းများ၏ ၆ ဆ စည်းကြပ်ရမည်။

၇။ ။ **မြန်မာနိုင်ငံ အရက်ချက်ရုံတွင်ချက်လုပ်သည့် နိုင်ငံခြားအရက်ပျံပါသည့် အရက်ပေါ်တွင် အကောက်တော်။** ။ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၂၄ နှင့် ၂၅ တွင်သော်၎င်း၊ တည်ဆဲဖြစ်သော ဥပဒေတရပ်ရပ်တွင်သော်၎င်း၊ မည့်သို့ပင်ပါရှိစေကာမူ၊ မြန်မာနိုင်ငံတွင်ချထားသော စစ်တပ်များတွင် စစ်မှုထမ်းတို့ အသုံးပြုနိုင်ရန် အထူးနှုန်းသတ်မှတ်၍၊ စစ်ဗိုလ်များသို့ထုတ်ပေးသောရမ်းအရက်မှတပါး၊ မြန်မာနိုင်ငံ အရက်ချက်ရုံတွင်ချက်လုပ်နိုင်သည့် နိုင်ငံခြား အရက်ပျံပါသည့် အရက်ပေါ်တွင်၎င်း၊ မြန်မာနိုင်ငံရှိ အရက်ချက်ရုံတွင်ချက်လုပ်သည့်ပြင်၊ တင်ချာဆေးရည်နှင့် အခြားအရက်ပျံပါသည့်ဆေးရည်များ ပြုလုပ်ရန်အလို့ငှာ၊ မြန်မာနိုင်ငံရှိ ဆေးချက်လုပ်သော ဆေးဆရာများသို့ထုတ်ပေးသည့် ပြုပြင်ထားသောအရက်ပေါ်တွင်၎င်း၊ နိုင်ငံတွင်းအကောက်တော်ကို၊ နောက်ဆုံးနေ့အထိပြင်ဆင်ထားသော ၁၉၃၇ ခုနှစ်၊ စက်တဘ်ာလ ၁၈ ရက်နေ့စွဲပါ၊ ဘဏ္ဍာရေးဌာန အမိန့်ကြော်ငြာစာ အမှတ် ၇၈ တွင် ပါရှိ သည့်ဇယား ၂ တွင် သတ်မှတ်ထားသော နှုန်းများ၏ ၃ ဆစည်းကြပ်ရမည်။

၈။ ။ **မူလသတ္တိဖျက်ပြီး အရက်ပျံပေါ်တွင် အကောက်တော်။** ။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂၄ နှင့် ၂၅ တွင်သော်၎င်း၊ တည်ဆဲဖြစ်သော ဥပဒေတရပ်ရပ်တွင်သော်၎င်း၊ နောက်ဆုံးနေ့အထိပြင်ဆင်ထားသော ၁၉၃၇ ခုနှစ်၊ စက်တဘ်ာလ ၁၈ ရက်နေ့စွဲပါ၊ ဘဏ္ဍာရေးဌာန အမိန့်ကြော်ငြာစာ အမှတ် ၇၈ တွင်ပါ ရှိသည့်ဇယား ၂ တွင်သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ၊ မြန်မာနိုင်ငံရှိအရက်ချက်ရုံတွင်ချက်လုပ်သည့် မူလသတ္တိဖျက်ပြီး အရက်ပျံပေါ်တွင် နိုင်ငံတွင်းအကောက်တော်ကို၊ လန်ဒန်ဂါလံ တဂါလံလျှင် ငွေတကျပ်ဖြင့် စည်းကြပ်ရမည်။

၉။ ။ **လောင်းကစားခွန်။** ။ လောင်းကစားခွန် အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) တွင်သော်၎င်း၊ တည်ဆဲဖြစ်သောဥပဒေတရပ်ရပ်တွင် သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ၊ ရန်ကုန်မြို့တွင်းနှင့် ပြင်ပတွင် ကျင်းပ သောမြင်းပွဲများ၌၊ စွပ်ဒိုင်တွင် လောင်းကြေးငွေအဖြစ် ပေးသွင်းသော ငွေအားလုံးပေါ်တွင် အခွန်ကို၊ ထိုလောင်းကြေးငွေများ၏ ၁၅ နှင့် ၁၀ ရာခိုင်နှုန်းဖြင့် အသီးသီးစည်းကြပ်ရမည်။

## ၁၉၄၉-၅၀ ခု၊ ဘဏ္ဍာတော်နှစ်အတွက်၊ အမြတ်တော်ခွန်နှင့် နောက်ထပ် အခွန်တော်နှုန်းများဇယား။

## အပိုင်း ၁။

## အမြတ်တော်ခွန်နှုန်းများ။

က။ ။ သီးခြားပုဂ္ဂိုလ်၊ ပစ္စည်းမခွဲဝေရသေးသည့် ဟိန္ဒူလူမျိုးအိမ်ထောင်သားစု၊ စာရင်းမတင်သွင်းသည့်ကုန်သည်အစုစပ်လုပ်ငန်းအသီးသီးနှင့် ဤအပိုင်း၊ အပိုဒ် ခ နှင့် မသက်ဆိုင်သော သီးခြားပုဂ္ဂိုလ်များ၏အခြားအသင်းဖြစ်သည့်အချက်တွင်—

| | | | |
|---|---|---|---|
| ၁။ ။ | စုစုပေါင်းဝင်ငွေအနက် ပဌမငွေကျပ် ၁,၅၀၀ ပေါ်တွင် | ... | မရှိ။ |
| ၂။ ။ | စုစုပေါင်း ဝင်ငွေအနက် နောက်ငွေကျပ် ၃,၅၀၀ ပေါ်တွင် | ... | ငွေတကျပ်လျှင် ၁၅ ပိုင်။ |
| ၃။ ။ | စုစုပေါင်း ဝင်ငွေအနက် နောက်ငွေကျပ် ၅,၀၀၀ ပေါ်တွင် | ... | ငွေတကျပ်လျှင် ၂ ပဲ နှင့် ၁ ပိုင်။ |
| ၄။ ။ | စုစုပေါင်း ဝင်ငွေအနက် နောက်ငွေကျပ် ၅,၀၀၀ ပေါ်တွင် | ... | ငွေတကျပ်လျှင် ၃ ပဲ နှင့် ၆ ပိုင်။ |
| ၅။ ။ | စုစုပေါင်း ဝင်ငွေအနက် ကျန်ငွေ ပေါ်တွင် | ... ... | ငွေတကျပ်လျှင် ၅ ပဲ။ |

သို့သော်လည်း—

(၁) အလုပ်လုပ်၍ရသည့်ဝင်ငွေအတွက် ခွင့်ပြုသမျှငွေကိုမနုတ်မီ၊ ငွေကျပ် ၃,၀၀၀ ထက် မပိုသော စုစု ပေါင်းဝင်ငွေပေါ်တွင် အမြတ်တော်ခွန် မပေးမဆောင်ရ။

(၂) ပေးဆောင်ရမည့် အမြတ်တော်ခွန်မှာ၊ (အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက် အဆိုပါ ခွင့်ပြုငွေကို မ နုတ်မီ) စုစုပေါင်း ဝင်ငွေကငွေကျပ် ၃,၀၀၀ ထက်ပိုသမျှသော ငွေ၏ ထက်ဝက်ထက်မည်သည့် အချက်တွင် မျှမပိုစေရ။

(၃) အလုပ်လုပ်၍ ရသည့် ဝင်ငွေအတွက် ခွင့်ပြုသမျှငွေ နုတ်ပြီးဖြစ်သည့် စုစုပေါင်း ဝင်ငွေပေါ်တွင် ပေးဆောင်ရမည့် အမြတ်တော်ခွန်မှာ၊ အောက်ပါငွေနှစ်ရပ်အနက်၊ နည်းရာငွေထက်မပိုရ—

(က) ယင်းသို့ လျှော့ပေါ့ထားသည့် စုစုပေါင်းဝင်ငွေနှင့်မအလျော့ပေါ့ရသေးသည့် စုစုပေါင်း ဝင်ငွေနှစ်ရပ် ၏ အချိုးအစားအတိုင်း (အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက် ခွင့်ပြုသမျှငွေကို မနုတ်မီ) စုစုပေါင်း ဝင် ငွေကျပ် ၃,၀၀၀ ထက်ပိုသမျှသော ငွေ၏ ထက်ဝက်နှင့်အချိုးအစားတူသည့်ငွေပေါင်း၊ သို့တည်းမဟုတ်

(ခ) ယင်းသို့လျော့ပေါ့ထားသည့်ဝင်ငွေပေါ်တွင်၊ ဤဇယားတွင် သီးခြားဖေါ် ပြထားသည့်နှုန်းများအ တိုင်း ပေးဆောင်ရမည့် အမြတ်တော်ခွန်ငွေ။

ခ။ ။ ကုမ္ပဏီနှင့် မှတ်ပုံတင်သွင်းထားသည့် ကုန်သည် အစုစပ်လုပ်ငန်းအသီးသီးဖြစ်သည့် အချက်တွင် ၎င်း၊ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အများဆုံးနှုန်းဖြင့် အမြတ် တော်ခွန်ကောက်ခံရမည့်အချက်တွင်၎င်း_

စုစုပေါင်း ဝင်ငွေအားလုံးပေါ်တွင် ... ငွေတကျပ်လျှင် ၅ ပဲ။

## အပိုင်း၂။

## နောက်ထပ်အခွန်တော်နှုန်းများ။

က။ ။ သီးခြားပုဂ္ဂိုလ်၊ ပစ္စည်းမခွဲဝေရသေးသည့် ဟိန္ဒူလူမျိုး အိမ်ထောင်သားစု စာရင်းမတင်မသွင်း သည့် ကုန်သည်အစုစပ်လုပ်ငန်းအသီးသီးနှင့် ဤအပိုင်းပါ အပိုဒ် ခ၊ သို့တည်းမဟုတ် ၈ နှင့် မသက်ဆိုင် သော သီးခြားပုဂ္ဂိုလ်များ၏ အခြား အသင်းဖြစ်သည့်အချက်တွင်_

| | | | |
|---|---|---|---|
| ၁။ ။ | စုစုပေါင်း ဝင်ငွေအနက် ပဌမငွေကျပ် ၂၅,၀၀၀ ပေါ်တွင် | ... | မရှိ။ |
| ၂။ ။ | စုစုပေါင်း ဝင်ငွေအနက် နောက်ငွေကျပ် ၂၀,၀၀၀ ပေါ်တွင် | ... | ငွေတကျပ်လျှင် ၃ ပဲ။ |
| ၃။ ။ | စုစုပေါင်း ဝင်ငွေအနက် နောက်ငွေကျပ် ၂၅,၀၀၀ ပေါ်တွင် | ... | ငွေတကျပ်လျှင် ၅ ပဲ။ |
| ၄။ ။ | စုစုပေါင်း ဝင်ငွေအနက် နောက်ငွေကျပ် ၂၅,၀၀၀ ပေါ်တွင် | ... | ငွေတကျပ်လျှင် ၆ပဲ။ |
| ၅။ ။ | စုစုပေါင်း ဝင်ငွေအနက် နောက်ငွေကျပ် ၃၀,၀၀၀ ပေါ်တွင် | ... | ငွေတကျပ်လျှင် ၆ ပဲ နှင့် ၆ပိုင်။ |
| ၆။ ။ | စုစုပေါင်း ဝင်ငွေအနက် နောက်ငွေကျပ် ၇၅,၀၀၀ ပေါ်တွင် | ... | ငွေတကျပ်လျှင် ၈ ပဲ။ |
| ၇။ ။ | စုစုပေါင်း ဝင်ငွေအနက် နောက်ငွေကျပ် ၁,၀၀,၀၀၀ ပေါ်တွင် | ... | ငွေတကျပ်လျှင် ၉ ပဲ။ |
| ၈။ ။ | စုစုပေါင်း ဝင်ငွေအနက် ကျန်ငွေပေါ်တွင် | ... ... | ငွေတကျပ်လျှင် ၁၀ ပဲ နှင့် ၆ပိုင်။ |

ခ။ ။ သမဝါယမအသင်းများ အက်ဥပဒေအရ အခိုက်အတန့် မှတ်ပုံတင်သွင်းထားသည့် သမဝါယမအ သင့်ဖြစ်သည့်အချက်တွင်_

| | | | |
|---|---|---|---|
| ၁။ ။ | စုစုပေါင်း ဝင်ငွေအနက် ပဌမငွေကျပ် ၂၅,၀၀၀ ပေါ်တွင် | ... | မရှိ။ |
| ၂။ ။ | စုစုပေါင်း ဝင်ငွေအနက် ကျန်ငွေပေါ်တွင် | ... ... | ငွေတကျပ်လျှင် ၃ ပဲ။ |

ဂ။ ။ ကုမ္ပဏီအသီးသီးဖြစ်သည့်အချက်တွင်_

| | | |
|---|---|---|
| စုစုပေါင်း ဝင်ငွေအားလုံးပေါ်တွင် | ... | ငွေတကျပ်လျှင် ၃ ပဲ။ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စပ်ရွှေသိုက်၊

နိုင်ငံတော်ယာယီသမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၁ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်။

(၁၉၄၉ ခု၊ စက်တဘ်ာလ ၃၀ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၂၇]